


## အမှာစာ

ဤစာအုပ်သည် စာရေးဆရာမ karen connelly ၏ မူရင်းစာအုပ်တအုပ်ဖြစ်ပြီး စာဖတ်သူ များအား အလွန်အမင်း ဖတ်စေချင်သော ဆန္ဒကြောင့် ကြိုးစား တင်ပြလိုက်ပါသည်။ ဤစာအုပ်အား ဖတ်စေခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အုပ်ချုပ်မင်းမူနေသော စစ်အစိုးရ၏ လက်ထက်တွင် မြန်မာနိုင်ငံသားတို့ မည်ရွေ့ မည်မျှထိလူ့ အခွင့်အရေး ဆုံးရှုံးနေပြီး မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင်များအတွင်း မည်ကဲ့သို့ ဖိစီးနှိပ်စက်၊ မည်ကဲ့သို ဆင်းရဲဒုက္ခခံရ၍ စစ်အစိုးရ၏ လူ့မဆန်မှုများကို ကွက်ကွက်ကွင်းကွင်း သိမြင်ရမည် ဖြစ်ပါသည်။ အခန်းဆက်အဖြစ် ဖော်ပြသွားပါမည်။

**အလင်းအိမ်မဂ္ဂဇင်း**

ဘာသာပြန်ဆိုသူ–**Roland Hardy(ခ) မောင်မောင်လတ်**

**ယခင်လမှ အဆက်**

# အိမ် မြှောင် လှောင် အိမ်

## (အခန်း ၁၆)

ကိုလူချော သူ့ကိုအပြစ်ပေးတာဟာ ရိုက်နှက်ခံတာနဲ့ဘဲ အဆုံးသတ်သွားတယ်။ အဲဒီလောက်နဲ့ ရပ်သွားတာကိုဘဲ ကိုလူချောကို ကျေးဇူးတင်နေမိတယ်။ ဒါ့ထက် ဒုက္ခရောက်နိုင် တဲ့ထမင်းတို့၊ ရေတို့ ဖြတ်ပစ်နိုင်တယ်။ အခုထက်ထိ ကိုစိန်ယုံ ထမင်းမှန်မှန်လာပို့နေသေးလို့ တေဇနည်းနည်းတော့ စိုးရိမ်စိတ်နည်းသွားပြီး စိတ်နည်းနည်း အေးလာတယ်။ လက္ခဏာဆရာစိန်ယုံဟာ ကိုလူချော တေဇကို ရက်စက်ညှင်းပန်းတဲ့ ကိစ္စတွေအကြောင်းပြောရင်း ကိုလူချော အပေါ်ကို စိတ်ဆိုးနေတယ်။ **“ကိုလူချောလူမဆန်ဘူး။ ဒီရေခိုးခပ်တာလေးနဲ့ ဒီလောက်မရက်စက်သင့်ဘူး။”** တေဇ ရေချိုးခန်းမှာ ကျန်နေတဲ့ အဝတ်အစားတွေ ပြန်ယူလာပေးတယ်။

တေဇကို အပြစ်ပြောနေတယ်။ **“မင်းကို ငါအရင်ကတည်းက ထောင်မှူး ကိုလူချော အကြောင်း သတိပေးထားရက်နဲ့ မင်းက မထိတထိ သွားစတာကိုး။ သူတော်တော်စိတ်ဆိုးသွားတယ်ထင်တယ်။ ဘာဘဲဖြစ်ဖြစ် မင်းအခြေနေတွေကို နားလည်ပါ။ နောက်ပြီး သတင်းကောင်းတွေ ကြားရမယ်။ ငါ့အထင် ဒီနေ့ လို ထမင်းတွေ၊ဟင်းတွေ ပိုထည့်ပေးတာ ကံကောင်းတယ်လို့ ပြောရမယ်။”**

တေဇ ဖျာပေါ်မှာ ကြိုးစားပြီး ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ ရိုက်၊ ကန် ခံထားရတဲ့ ဒဏ်တွေကြောင့် နံရိုးတွေဟာ အရမ်းနာကျင်နေတယ်။ ကြာကြာ မရပ်နိုင်ဘဲ ပြန်ထိုင်ကျသွားတယ်။ ကိုစိန်ယုံ သနားသွားတယ်။

**“ရတယ် ကောင်လေး။ ငါလည်းမင်းကို လောလောဆယ် ပြောစရာစကားမရှိတော့ဘူး။ မင်းနားနေတာ ကောင်းပါတယ်။ ထောင်မှူး ကိုလူချော အခုထက်ထိ ဒေါသတွေ မပျယ်သေးဘူး။ ငါလည်း မင်းအခန်းထဲမှာ သိပ်ကြာနေပြီ။ တော်ကြာ ငါ့ကိုပါ ဒေါကန်ပြီး ထိုးနေဦးမယ်။ ကဲ ငါ သွားမယ်။”**

တေဇ တနေ့ လုံး ကိုစိန်ယုံ ပြောသွားတဲ့ စကားတွေကို ပြန်ပြီး သုံးသပ်နေပါတယ်။ ထမင်း၊ဟင်း ပိုယူလာပေးတာဟာ ရိုးရိုးသားသားလား။ ဒါမှမဟုတ် တခြားအခိုပ္ပါယ်နဲ့ လုပ်နေတာလား။ ဒါမှမဟုတ် ထောင်ဝင်စာများ ရတော့မလား။ ထောင်ဝင်စာ ရောက်နေပြီလား မသိနိုင်ပါ။ မျှော်နေတာတော့ အမှန်ဘဲ။ ကိုစိန်ယုံ ညနေထမင်း လာပို့ ရင် လာထူးခြားမလဲ ဆိုတာ သိပ်သိချင်လာတယ်။ တံခါးဝဆီ ကိုစိန်ယုံအလာကို စောင့်မျှော်နေတယ်။

ထောင်မှူး ကိုလူချော ဟိန်းဟောက်နေသံကို အတိုင်းသား ကြားနေရပြီ။ တေဇ စိတ်ထဲမှာ တော်တော်ထိတ်လန့် နေတယ်။ ဘာများဖြစ်ဦးမလဲ မသိနိုင်ပါ။ ကိုစိန်ယုံကိုလည်း ဟောက်နေတယ်။

**“ဟေ့ လက္ခဏာဆရာ မြန်မြန်လုပ်။ ငါ့မှာ မင်းထမင်းပို့ တာ တနေ့ လုံး ထိုင်မစောင့်နိုင်ဘူး။ ”**

တေဇ နဲ့နဲ့ ကြောင်သွားတယ်။ ကြားနေကြ စစ်ဖိနပ်သံ ပျောက်သွားလို့ ငေးကြည့် နေမိတယ်။ နောက်တနေ့ နံက်လည်း တေဇ ဘာမှန်းမသိတာကို မျှော်လင့်နေတယ်။ ဗိုက်ထဲမှာ နာကျင်နေတယ်။ ခေါင်းထဲမှာလည်း မူးနှောက်နှောက်ဖြစ်နေတယ်။ ဒီဝေဒနာတွေ ဘယ်တော့များမှ ပျောက်သွားမှာလည်း။ ကြိုးစားပြီး ထရပ်တယ်။ ဟန်ချက်မကောင်းလို့ ဘေးကို ယိုင်သွားတယ်။ နံရံကို အမှီပြုပြီး လက်နဲ့ ထောက်ထားရတယ်။

သံချောင်းခေါက်သံ ၁၁ ချက်ကြားရပြီ။ ထမင်းချိန်ရောက်လာပြီ။ အံ့သြတာ မနေ့ ကလို စစ်ဖိနပ်သံ မကြားရတာဘဲ။ တံခါးဖွင့်သံနဲ့ အတူ ကိုစိန်ယုံ တေဇ အခန်းထဲဝင်လာတယ်။ ကိုစိန်ယုံ

နောက်မှာ ကိုလူချော ဘယ်တုန်းက ပါလာသလဲ မသိပါ။ တေဇ နားရွက်တောင် မလှုပ်ရဲဘူး။ ခေါင်းငုံ့ ထားလိုက်တယ်။ ကိုလူချော အသံကြားရပြီ။

**"စိန်ယုံ မင်းဘာလို့ ဒီလောက်ကြာနေတာလဲ။ ဒီကောင့်ဟာတွေကို မြန်မြန်ပေးလိုက်။"**

ကိုစိန်ယုံ တေဇအနားထိ ရောက်လာပြီး လက်ထဲမှာလည်း ထောင်ဝင်စာတွေ တပွေ့တပိုက်ကြီး။ တေဇ ကိုယ့်မျက်စိ ကိုယ်တောင် မယုံရဲဘူး။ ထပ်ပြီး ပွတ်သပ်လိုက်တယ်။ မမှားဘူး။ ထမင်းပန်းကန်ဟာ ထောင်ဝင်စာတွေပေါ်မှာ ခန့် ခန့် ကြီး ထိုင်နေတယ်။ တေဇ ပျော်လွန်းလို့ ပါးစပ် အဟောင်းသား ဖြစ်နေတယ်။ ကိုစိန်ယုံရဲ့ ပုခုံးကို ကျော်ပြီး ကြည့်လိုက်တော့ ထောင်မှူး ကိုလူချောနဲ့ မျက်လုံးသွားဆုံလို့ မျက်လွှာ မြန်မြန် ချလိုက်ရတယ်။

ကိုစိန်ယုံ တေဇကို ထောင်ဝင်စာ အထုပ်ကြီးပေးရင်း **"မင်းအမေ ဒီတခါပို့ တဲ့ ထောင်ဝင်စာတွေ များလှချည်လား။ ဘာလဲ မင်းကို ထောင်ထဲမှာ ကုန်စုံဆိုင် ဖွင့်ခိုင်းတာလား။ အခု ထောင်ဝင် စာတွေကို မင်းရယ် မင်းသူငယ်ချင်းတွေ အားလုံး ဝိုင်းစားရင်တောင် တလလောက် စားရမယ် ထင်တယ်။ မင်းရဲ့ ချမ်းသာမှုတွေကို မင်းသူငယ်ချင်းတွေကိုလည်း ဝေမျှလိုက်ပေါ့ကွာ။ ငါးခြောက်အနံ့ တယ်သင်းပါလားကွ။ မင်းတကယ် ထောင်ဝင်စာ မျှော်မထားဘူး မဟုတ်လား။ ငါသိတယ်။ မင်းမျက်နှာ သိပ်အံ့သြနေတာ ဖုံးဖိလို့ မနိုင်ဘူး မဟုတ်လား။"**

ထမင်းပန်းကန်ကို ခပ်မြန်မြန် ဖယ်ယူချလိုက်ပြီး ကိုစိန်ယုံ လက်ထဲက ထောင်ဝင်စာထုပ်ကို တုန်တုန်ရီရီနဲ့ ယူလိုက်တယ်။ တေဇ အံ့သြနေတယ်။ ဘယ်လိုဖြစ်လို့ ဒီလောက်များတဲ့ ထောင်ဝင်စာ ရတာလဲ။ နောက်ပြီး ထူးခြားတာက ကပ်ထူပုံးနဲ့ သေသေချာချာ ထုပ်ထားသေးတယ်။ ပုံမှန်အတိုင်းဆိုရင် ထောင်ဝင်စာတွေဟာ သတင်းစာစက္ကူနဲ့ ထုပ်ပြီး ပလပ်စတစ်အိတ်၊ ကျွတ်ကျွတ်အိတ်နဲ့ ဘဲ ထည့်ထားတာ မဟုတ်လား။

**ကိုစိန်ယုံ။ ။ "တေဇ မင်းထောင်ဝင်စာထဲက ငါးရံ့ ခြောက်တကောင် ငါယူလိုက်မယ်။ မင်းကို ငါ ပါရာစီတမော့ အလုံး ၃၀ ပေးမယ်။ ဒါမှ မင်း သွားနာ၊ ပါးနာ၊ ပါးယောင်နေရင် သောက်လို့ ရမှာ။ မင်းသေးအိုးပေး ငါသွားသွန်လိုက်ဦးမယ်။"** ဆိုပြီး ကိုစိန်ယုံ ထွက်သွားတယ်။ ကိုစိန်ယုံပြန်လာပြီးတဲ့အခါ ထောင်မှူးကိုလူချောက တေဇကို စကားတခွန်းပြောလိုက်တယ်။

**"မင်းရဲ့ စားစရာတွေကို ငါအဆိပ်ခတ်ထားတယ်။"** ပြောပြီး တံခါးကို ပြင်းပြင်း ဆောင့်ပိတ်သွားတယ်။ တေဇလက်ထဲက ထောင်ဝင်စာ အထုပ်ကြီးကို ငုံ့ ကြည့်လိုက်တယ်။ ကိုစိန်ယုံ ပြောသွားသလိုဘဲ ငါးရံ့ ခြောက်နံ့ က မွှေးနေတာဘဲ။ ကိုစိန်ယုံကတော့ **"တေဇမင်း အပျော်လွန်ပြီး အကုန်လုံး တခါတည်း မစားလိုက်နဲ့ ။ သိမ်းထားဦး။"** ဆိုပြီး မှာသွားတယ်။ စစ်ဖိနပ်သံ ပျောက်သွားတဲ့အထိ စောင့်နေမိတယ်။ ပြီးတော့မှ ထောင်ဝင်စာ အထုပ်ကြီးရှေ့ မှာ ထိုင်ချလိုက်တယ်။ ထောင်ဝင်စာဆိုတာ တေဇတို့ လို နိုင်ငံရေးသမား ထောင်ကျတွေလက်ထဲ မရောက်ခင်မှာ ထောင်ဝန်ထမ်း

တွေ့ သေသေချာချာ အသေးစိတ် စစ်ဆေးပြီးမှ လက်ထဲရောက်ရတာပဲ။ ရင်ခုန်စွာနဲ့ ထောင်ဝင်စာကပ်ထူပုံးကြီးကို တဖြည်းဖြည်းဖွင့်ကြည့်လိုက်တယ်။ တေဇအဖို့ ထောင်ဝင်စာဆို တာ မေမေရဲ့လက်ဆောင်မဟုတ်လား။

ပလပ်စတစ်အိတ်နဲ့ ထုပ်ထားတဲ့ ပဲကြီးလှော်ထုပ်တွေ၊ မြေပဲလှော်ထုပ်၊ နေကြာစေ့ထုပ် လက်ဖက်အသုတ်စုံထုပ်တွေ အများကြီးပါလာတယ်။ တေဇ ထောင်စာထဲကနေ စားစရာတွေကို ထုတ်ပြီး ဖျာပေါ်မှာ တထုပ်ခြင်း စီထားလိုက်တယ်။ ပိုပြီးထူးခြားနေတာက တေဇတို့ အိမ်မှာ တခါမှ မသုံးစွဲဘူးတဲ့ တံဆိပ်တွေပါတဲ့ စားစရာတွေ ဖြစ်နေတယ်။ မေမေတခါမှ မဝယ်ဖူးတဲ့ တံဆိပ်တွေ ဖြစ်နေတယ်။ ဘာဘဲဖြစ်ဖြစ် ဒီလောက်များတဲ့ စားစရာတွေကိုရတာ သိပ်ကိုပျော်နေပါတယ်။ တေဇ လေကို တဝကြီးရှူလိုက်တယ်။ ဘာဘဲဖြစ်ဖြစ် အလျှင်စလို မလုပ်ပါ။

ဆေးပေ့ါလိပ်တွေလဲ အများကြီး။ အလိပ် ၃၀ ကြီးများတောင်။ ဆေးလိပ်သောက်ပွဲကြီး အကြီးအကျယ် လုပ်ပစ်မယ် စိတ်ကူးမိတယ်။ လောလောဆယ်ဆယ် ကိုစိန်ယုံကို သိပ်အားကိုးစရာ မလိုတော့ဘူး။ ဆေးလိပ်တွေ အများကြီး ရှိနေပြီဘဲ။ လွတ်လွတ်လပ်လပ် ပျော်မြူးစွာ ဆေးလိပ် တလိပ်ကို အားရပါးရ သောက်လိုက်တယ်။ ငါးခြောက်ထုပ်ကို ဖွင့်လိုက်တော့ တေဇ မျက်ရည်တောင် ကျတယ်။ သာမန် ငါးခြောက်မဟုတ်ဘဲ အားလုံးဟာ ငါးရံ့ခြောက်တွေ ဖြစ်တယ်။ အပြင်မှာတောင် ဈေးသိပ်ကြီးတဲ့ စားစရာ မဟုတ်ပါလား။ ဆားနဲ့ ကြာကြာ သိပ်ထားလို့ ကြာကြာခံတဲ့ ငါးရံ့ ခြောက်တွေလည်း ပါတယ်။ ဒီတခါ ငါးခြောက်တွေဟာ ဆီနည်းနည်းစိုနေတယ်။ စက္ကူနဲ့ သေသေ ချာချာထုတ်ထားတယ်။ မေမေ ပို့နေကျပုံစံ မဟုတ်ပါ။ ထောင်မှူးကိုလူချော ပြောသလို အဆိပ် များခတ်ထားတာလား။ မဖြစ်နိုင်ပါ။ ထောင်မှူး ကိုလူချော သက်သက်နှောက်သွားတာပါ။ တကယ် လို့ အဆိပ်ခတ်ထားရင်လည်း ဒီလောက်ကောင်းတဲ့ စားစရာကို စားပြီးမှ သေမယ်ဆုံးဖြတ်ထား တယ်။ ငါးခြောက် အားလုံးပေါင်း ၁၂ ချပ်တောင်ပါတယ်။

အခုစဉ်းစားလို့ မရတာ ဒီလောက်များပြားတဲ့ ထောင်ဝင်စာထုပ်ကို ဘာကြောင့် သူ့ ကို ပေးတာလည်းဆိုတာဘဲ။ နောက်ပြီး လက်သွေး သနပ်ခါးတုံး ၄ တုံး ပါသေးတယ်။ သနပ်ခါးတုံး ကို ရေနဲ့နဲ ပွတ်သပ်ပြီး မျက်နှာမှာ လိမ်းလိုက်တယ်။ မေမေစကား ပြန်ကြားယောင်မိတယ်။ သနပ် ခါးဆိုတာ မဟာဆန်တဲ့ မြန်မာအမျိုးသမီးတွေအတွက် အလှခြယ်သပေးတဲ့ ဆေးဝါးတမျိုးလို့ ဆို တာပဲ။ တေဇတို့ ငယ်ငယ်တုန်းက ဟိုဆော့၊ ဒီဆော့နဲ့ ကစားရင်း ပိုးကောင် ကိုက်တာတွေ၊ ကွဲရှ တာတွေကို သနပ်ခါးနဲ့ သိပ်လိုက်ရင် အနာတွေ ပျောက်သွားတာ သတိရတယ်။

ပလပ်စတစ်နဲ့ ထုပ်ထားနဲ့ လှပတဲ့ သနပ်ခါးသွေးပြီးသား အတုံးလေးတွေကို ပျော်ရွှင် စွာ မြောက်ကစားနေမိတယ်။ အနံ့ လေးကလည်း သင်းနေတာပဲ။ အမြဲတမ်းလိုချင်တဲ့ ပစ္စည်းဖြစ် လို့ မေမေ့ကို သိပ်ကျေးဇူးတင်မိပါတယ်။ ဒါပေမဲ့ သေချာစဉ်းစားလိုက်ပြန်တော့ တေဇ အရမ်းစိုး

ရိမ်သလို ခံစားရတယ်။ မေမေ ဒေါ်စန္ဒာ တခါမှ မသုံးဘူးတဲ့ ပစ္စည်းတွေ တေဇဆီ ဘယ်လိုဖြစ်လို့ ထောင်ဝင်စာဆိုပြီး ရောက်လာတာလဲ။ ဘာသဘောလဲဆိုတာ မသိနိုင်ဘူး။ ကပ်ထူပုံးနဲ့ စနစ်တကျ ထည့်ထားတာ။ ဒီတခါဘဲ ဖြစ်ဘူးသေးတယ်။

ဘာကြောင့်များ တိုက်ပိတ်တဲ့ နိုင်ငံရေးသမား တေဇလိုလူမျိုး ဒီလောက်များတဲ့ စားစရာတွေ ပို့ပေးတာလဲ။ အထူးအံ့သြသွားတာဟာ ကပ်ထူပုံးရဲ့ အောက်ဆုံးက ထွက်လာတဲ့ ပစ္စည်းတွေကြောင့် ဖြစ်တယ်။ ထောင်ဝင်စာထဲ ဘယ်လိုမှ မပါနိုင်တဲ့ ပစ္စည်းဖြစ်နေလို့ ။ ထောင်ထဲမှာ တေဇတို့ လို တိုက်ပိတ်ခံ နိုင်ငံရေးသမားတွေ လက်ထဲမှာ လုံးဝမကိုင်ရတဲ့ ပစ္စည်းမျိုးဖြစ်တယ်။

ဘောလ်ပင်နဲ့ စာရေးစက္ကူအဖြူတွေဖြစ်တယ်။ ဘောလ်ပင်ကို ဟိုဘက်၊ ဒီဘက်လှိမ့်ကစားနေမိတယ်။ ငါးရံ့ခြောက်တွေကို နဲနဲ ဖဲ့စားရင်း အရိုးသေးသေးလေးတွေကို စိတ်ရှည်၊လက်ရှည် ဖယ်ထုတ်နေပါတယ်။ စားရင်း၊ စားရင်းနဲ့ အရသာရှိလွန်းလို့ အရှိန်မသတ်နိုင်ဘဲ နောက်တကောင် ထပ်ဖဲ့စားလိုက်တယ်။ ကုန်သွားတော့ နောက်နေ့ တွေအတွက် ချန်ထားမှ ဖြစ်မယ်ဆိုတဲ့အသိ ဝင်လာတယ်။ အစားကိုရပ်လိုက်ပြီး မတ်တပ်ရပ်လိုက်တယ်။ စိတ်ထဲမှာ စဉ်းစားစရာတွေ အများကြီးဖြစ်နေပြီ။ ဒီနေ့ တနေ့ လုံး ဘောလ်ပင်ရယ်၊ စာရေးစက္ကူကို လက်နဲ့ လုံးဝမထိဘဲ ကပ်ထူပုံးထဲမှာ ဒီအတိုင်း ထားလိုက်တယ်။

သံခေါင်းခေါက်သံ ၅ ချက်ကြားရပြီ။ ဘာလိုလိုနဲ့ ညနေထမင်းလာပို့ ချိန်ရောက်တော့မယ် မဟုတ်ပါလား။ ကိုစိန်ယုံကို သိပ်တွေ့ ချင်လာတယ်။ တံခါးမြန်မြန် လာဖွင့်ပါစေ ဆုတောင်းနေမိတယ်။ မေးစရာတွေ အများကြီးပြည့်နေတယ်။ ကိုစိန်ယုံနဲ့ တွေ့ ရင် တေဇ အဖြေတခုခု တော့ရမှာဘဲ။ ဒါပေမဲ့ ထူးခြားတာ ၆ နာရီသာ ထိုးသွားတယ်။ ကိုစိန်ယုံရဲ့ အရိပ်အယောင်ကိုမျှ မမြင်ရပါ။ ဗိုက်ပြန်ဆာလာတော့ ငါးခြောက်တကောင်ရယ်၊ လက်ဖက်သုတ်ရယ် စားလိုက်တယ်။ မြေပဲကိုလည်း အကြာကြီး ဝါးစားနေမိတယ်။ ပြီးတော့ စားစရာအထုပ်တွေကို ကပ်ထူပုံးထဲ သေချာစနစ်တကျ ထည့်ထားလိုက်တယ်။ မြေပဲလှော်ကို ကြမ်းပြင်ပေါ်မှာချပြီး လက်ဖနှောက်နဲ့ ခြေမွနေမိတယ်။ အဲဒီမြေပဲမှုန်တွေနဲ့ ၊ ထမင်းနဲ့ ရောစားရင် အရသာ သိပ်ရှိတယ် မဟုတ်လား။

ဘောလ်ပင်ရယ်၊ စာရေးစက္ကူတွေကို အဝတ်ခေါက်ထုပ်တွေထဲ ညှပ်ထည့် ထားလိုက်တယ်။ စိတ်ထဲမှာ ဆုံးဖြတ်ချက်ချလိုက်တယ်။ သေချာတဲ့ အဖြေမရမချင်း ဒီဘောလ်ပင်ရယ်၊ စက္ကူရယ် လုံးဝမကိုင်ဘူးလို့ ။ ခြင်ကိုက်တဲ့ ဒဏ်ကြောင့် အိပ်ပျော်ရာက နိုးလာမိတယ်။ ဘောလ်ပင် မကိုင်ဘူးလို့ ဆုံးဖြတ်ထားရက်နဲ့ ဘောလ်ပင်ကို ဖွင့်ပြီး လက်ပေါ်မှာ ရေးချလိုက်တယ်။ ဘာစာလုံးမှ မပေါ်လာဘူး။ တော်တော်အံ့သြသွားတယ်။ လက်ထဲမှာ သေနတ်တလက် ရောက်လာသလို ခံစားမိတယ်။ တေဇညီ အောင်မင်းတို့ လို တောထဲမှာ လက်နက်ကိုကိုင်စွဲပြီး စစ်အစိုးရကို ပြန်တိုက်နေရသလို ခံစားမိတယ်။ နောက်တကြိမ် ထပ်ရေးကြည့်တော့ မှင်ပြာတွေ ပေါ်လာတယ်။ ဘောလ်ပင်ကို

မကိုင်ရတာ သိပ်ကြာခဲ့ပြီ။ နောက်ဆုံးမှတ်မှတ်ရရ ကိုင်ခဲ့တာက ဟိုး--စစ်အစိုးရရဲ့ စစ်ဆေးရေးစခန်းမှာ ဝန်ခံထွက်ချက် စာရွက်ပေါ်မှာ လက်မှတ် ထိုးတုန်းက နောက်ဆုံးဖြစ်ပါတယ်။

လေဝင်ပေါက်က တဆင့် ညစောင့် ကင်းသမားရဲ့ ချောင်းဆိုးသံကြားလိုက်ရတယ်။ တေဇ ဘောလ်ပင်ကို ပစ်ချလိုက်တယ်။ လောလောဆယ်ဆယ် တေဇ ထွက်ပြေးချင်စိတ်ပေါက်လာတာ အမှန်ဖြစ်တယ်။ တကယ်တော့ ဒီအခန်းထဲက ဘယ်လို ပြေးနိုင်မှာလဲ တေဇ တကိုယ်လုံး ချွေးတွေရွှဲနေပြီး လူလည်း တုန်တုန်ရင်ရင် ဖြစ်လာတယ်။ လေဝင်ပေါက်က ပင့်ကူကိုလှမ်းကြည့်လိုက်တယ်။ စိတ်ထဲမှာ စကားတိုးတိုးပြောနေတဲ့ အသံမျိုးကြားနေရတယ်။ ထောင်မှူး ကိုလူချော သူ့ ကို ဘယ်တော့များ ချောင်ပိတ်ပြီး ဖမ်းမလဲ မသိဘူး။ သေချာနားစွင့်နေတယ်။ မိုးသံနဲ့ အတူ ဘာသံမှ မပါလာပါ။ ရုတ်တရက် တံခါးဆွဲဖွင့်ပြီး တေဇကို ဘောလ်ပင်ရယ်၊ စာရေးစက္ကူဖြူရယ်၊ လက်ပူးလက်ကြပ်ဖမ်းတော့မလား တွေးပြီး သိပ်စိုးရိမ်လာမိတယ်။ ကြောက်လည်း ကြောက်လာတယ်။ ရုတ်တရက်မီးလည်း ပိတ်သွားပြီး ဘောလ်ပင် လက်ထဲက လွတ်ကျသွားတယ်။ လျှပ်စီးလျှပ်တာနဲ့ အတူ မိုးခြိမ်းသံတွေလည်း ထွက်ပေါ်လာပြီ။ ဘောလ်ပင်ကို အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ ရှာနေရင်း ကိုစိန်ယုံကို စိတ်သိပ်ဆိုးလာတယ်။

ခွေးမသား စိန်ယုံ ငါ့ကို ထောက်ခြောက်ဆင်ပြီး ဖမ်းဖို့ လုပ်တာဘဲ။ ဆိုပြီးအော်ဟစ်မိတယ်။ ကိုစိန်ယုံ တေဇကို သေသေချာချာ လုပ်ကြံသွားတယ်မဟုတ်လား။ အေးစက်စက် ကြမ်းပြင်ပေါ်မှာ မမြင်နိုင်တဲ့ ဘောလ်ပင်ကို အရေးတကြီး လက်နဲ့ စမ်းတဝါးဝါး ရှာဖွေနေမိတယ်။ မတွေ့လို့ တော့ လုံးဝမဖြစ်ပါ။ အခုလို အချိန်မျိုး တေဇ တိုက်ပိတ်ခန်းမှာ ဘောလ်ပင်ရယ်၊ စာရေးစက္ကူတွေ တွေ့ သွားရင် တေဇရဲ့ ထောင်ဒဏ် အနည်းဆုံး ၅ နှစ်ကနေ ၉ နှစ်အထိ တိုးသွားမှာ သေချာတယ်။ ထောင်မှူး ကိုလူချောက သူ့ ကို မသေမချင်း နှိပ်စက်တော့မယ်။ တကယ်လို့ သူမသေရင်တောင် ထောင်ဒဏ်တွေ အများကြီးကို တိုးသွားမှာ ကြိမ်းသေတယ်။ ဘာမှ မရေးရသေးဘဲ ထောင်ဒဏ်တွေ တိုးလာမှာ သိပ်စိုးရိမ်လာတယ်။

ဟော တွေ့ ပြီ။ တော်သေးတယ်။ လက်ထဲကိုင်ထားရင်း ဘယ်မှာ ဝှက်ရပ့်မလဲ။ မြန်မြန်စဉ်းစားနေတယ်။ ပက်ကြားအက်တဲ့ အုတ်နံရံတွေကြားမှာ ဝှက်ရင် မိသွားနိုင်တာသေချာတယ်။

**"ကြံစမ်းပါ တေဇရယ်။ ဒါသေရေး၊ ရှင်ရေး မဟုတ်လား။"** အိမ်သာ ဂန်ဖလားထဲ ထဲ့လိုက်ရမလား။ မဖြစ်နိုင်ပါ။ ကိုစိန်ယုံတွေ့ မှာ သေချာတယ်။ ဝှက်ခဲ့တာ ရှာမတွေ့ ရင်တော့ ကောင်းပါတယ်။ တကယ်လို့ တလတခါ (တလာစီ) ပိုက်စိတ်တိုက် အခန်းရော၊ လူရော ရှာဖွေတဲ့ အခါ တွေ့ သွားရင် ပိုပြီး အမှုကြီးသွားမယ်။

**ဆက်လက် ဖော်ပြပေးသွားပါမည်။**